# ဗုဒ္ဓတရားနဲ့ ဗုဒ္ဓဘာသာ

လူတွေက ဗုဒ္ဓကို ပြောမိတော့၊ ဒါနဲ့၊ လူတော်တော်များများဟာ ဗုဒ္ဓဘာသာကို ဆက်စပ်တွေးတောတယ်။ စင်စစ်အားဖြင့်၊ ဗုဒ္ဓဘာသာဟာ ဗုဒ္ဓတရားက လူလောကမှာ ပြသခြင်းရဲ့ အသွင် တမျိုးသာ ဖြစ်တယ်။ ဒါပေမယ့် ဗုဒ္ဓတရားဟာ လောကမှာ တခြား ပြသမှု အသွင်တွေ ရှိသေးတယ်၊ တနည်း ပြောမယ် ဆိုယင် ဗုဒ္ဓဘာသာဟာ ဗုဒ္ဓတရားရဲ့ အားလုံးကို ကိုယ်စား မပြုနိုင်ဘူး။

ယင်းဗုဒ္ဓဘာသာ အရ ပြောယင်လဲ၊ အားလုံး သကျမုနိဘုရားက သင်ပေးတာ ဖြစ်တယ်လို့ မဟုတ်ဘူး။ လောကမှာ တခြား ဗုဒ္ဓဘာသာတွေ ရှိသေးတယ်၊ သကျမုနိနဲ့ ဆက်ဆံမှု လုံးဝ မရှိဘူး။ ဥပမာ ပြောရယင် တိဘက် ဗုဒ္ဓဘာသာမှာ ဟွမ်းဘာသာ (黄教)၊ သူတို့ ရှိခိုးတာဟာ တာ့ရိရှူးလိုင် (大日如来) ရဲ့ တရားကိုယ်ခန္ဓာ ဗုဒ္ဓ တဦး ဖြစ်တယ်၊ တိဘက်နယ် ဆက်ခံလာတဲ့ ဗုဒ္ဓဘာသာရဲ့ ဘိုင်း ဘာသာ (白教) မှာ ရှိခိုးတာဟာ မိလေ့ရိပါး (密勒日巴) ဖြစ်တယ်၊ သကျမုနိဘုရားနဲ့ လုံးဝ ဆက်ဆံမှု မရှိဘူး၊ သကျမုနိရဲ့ ကိစ္စတွေကိုလဲ မပြောမိဘူး။ ဟိုအခါမှာ၊ ဘာသာရေး ကိုးကွယ်သူတွေ သကျမုနိရဲ့ အမည်ကိုတောင် မသိဘူး၊ သကျမုနိက ဘယ်သူလဲလို့ လုံးဝ မသိဘူး။ တိဘက်မှာ ဆက်ခံ လာတဲ့ ဗုဒ္ဓ ဘာသာမှာ တခြား ဘာသာမျိုးတွေဟာ သကျမုနိဘုရား အပေါ် အသိအမြင်လဲ မတူဘူး။ ဟိနယာန ဗုဒ္ဓဘာသာဟာ သူတို့က သကျမုနိဘုရားရဲ့ သင်ကြားချက် အမှန် ဗုဒ္ဓဘာသာ ဖြစ်တယ်လို့ တလျှောက်လုံး ယူဆတယ်၊ အကြောင်းရင်းတော့ သူတို့ဟာ တကယ်ဘဲ တသွင် အရ သကျမုနိဘုရား ခေတ်က တရားအားထုတ်ကျင့်ရေး အသွင်ကို ဆက်ခံ လိုက်တယ်၊ မူလက ရှိပြီး ပညတ်တော်နဲ့ အဝတ်အစားကို ထိန်းသိမ်း ထားတယ်၊ ပြီး သကျမုနိဘုရား တဦးကိုသာ ရှိခိုးတယ်။ တရုတ်ပြည် ဟန့်လူမျိုးနယ်မှာ ဗုဒ္ဓဘာသာမူ ပြုပြင်မှု ခံပြီးနောက် တရုတ်ပြည်ကို ကူးစက်လာတာ ဖြစ်တယ်၊ တရား အားထုတ် ကျင့်တဲ့ အသွင်အရလဲ လုံးဝ မတူတော့ဘူး၊ ဗုဒ္ဓ များစွာကို ကိုးကွယ် ရှိခိုးတာ ဖြစ်လာပြီး၊ သကျမုနိ တဦးသာ မကတော့ဘူး။ ပညတ်တော်လဲ တဆ တိုးတယ်၊ တချိန်တည်းမှာ ရှေးခေတ် ဟန့်လူမျိုးနယ်မှာ ကျေးလက် ဘာသာရေး အခမ်းအနားကိုလဲ ထည့်သွင်း လိုက်တယ်၊ တရား အခမ်းအနားမှာ ကုလားတက်၊ ခေါင်းလောင်း ထိုးတာ၊ ဖုံမောင်း စတဲ့ တရုတ် တူရိယာတွေလဲ အသုံး ပြုလိုက်တယ်၊ အဝတ်အစားလဲ တရုတ်ပြည် ရှေးခေတ်က လူတွေရဲ့ အရပ်သား အဝတ်အစား အင်္ကျီကို ပြောင်းလဲ ဝတ်ဆင် လိုက်တယ်၊ မဟာယာန ဗုဒ္ဓဘာသာ အဖြစ် ပြောင်းလဲ ခေါ်ဝေါ်တယ်၊ ဒါဟာ ဟိုအစ အခါမှာ သကျမုနိဘုရားဘာသာနဲ့ ကွာခြားချက် တော်တော် ကြီးပြီ၊ ဒါကြောင့် ဟိုအခါမှာ ဟိနယာန ဗုဒ္ဓဘာသာဟာ မဟာယာန ဗုဒ္ဓဘာသာက သကျမုနိဘာသာ ဖြစ်တယ်လို့ အသိအမှတ် မပြုဘူး။

ဒါဟာ ဗုဒ္ဓဘာသာမှာ ဗုဒ္ဓတရားနဲ့ ဗုဒ္ဓဘာသာရဲ့ ဆက်ဆံမှုကို ပြောတာ ဖြစ်တယ်။ ဒါနဲ့၊ ကျွန်တော်တို့ ဆက်ပြီးတော့ သမိုင်း အရ ပြောပြမယ်။ အနောက်တိုင်း လောကမှာ မြေအောက်မှ တူးဖော် ရရှိတဲ့ ရှေးခေတ် ဂရိ ယဉ်ကျေးမှုထဲမှာလဲ ၏၏၏ စာလုံး ဖြစ်တဲ့ ပုံသဏ္ဍာန်ကို တွေ့ရှိတယ်။ စင်စစ်အားဖြင့်၊ ရေကြီး ရှေ့က ရှေး အထက်ကျော် ကာလမှာ၊ သူတို့ကလဲ ဗုဒ္ဓကို ကိုးကွယ် ရှိခိုးတာ ဖြစ်တယ်။ ရေကြီး အခါမှာ တချို့ အနောက်အာရှနဲ့ ဂျီမာလာယာတောင် () အနောက်တောင်ပိုင်း တလျှောက်မှာ နေထိုင်ကြတဲ့ ရှေးခေတ် ဂရိ လူမျိုး

အသက်ရှင်လာခဲ့တယ်၊ အခုမှာ အသားဖြူ အိန္ဒိယလူမျိုးဘဲ ဖြစ်တယ်၊ ဟိုအခါမှာ ဗြဟ္မဏဘာသာဟာ လုံးဝ မိစ္ဆာ ဘာသာ အဖြစ် ပြောင်းလဲ သွားပြီ။ ဒါဟာ ဗုဒ္ဓ ဘယ်လို ဖြစ်သလဲလို့ ဆိုတာ မဟုတ်ဘဲ၊ ဘာသာရေး မကောင်းဆိုးဝါး ဖြစ်လာအောင် ပြောင်းလဲတာ ဖြစ်တယ်။ အိန္ဒိယ ရှေးခေတ်မှာ ကျန်ရစ်တဲ့ ရှေးဟောင်း ယဉ်ကျေးမှု ပစ္စည်းတွေမှာလဲ၊ ဗြဟ္မဏဘာသာ အစောခေတ်က ကျန်ရစ်လာတဲ့ လိုဏ်ခေါင်းမှာ ပြုထားတဲ့ ရုပ်ပုံတွေ စတာတွေကိုလဲ ရှာတွေ့နိုင်တယ်၊ ထုဆစ်တဲ့ နတ်ရုပ်ပုံဟာ အားလုံး ဗုဒ္ဓရဲ့ ရုပ်ပုံ ဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့ ဟန့်လူမျိုးနယ် ဗုဒ္ဓဘာသာမှာ ထုဆစ်တဲ့ ဗုဒ္ဓ ရုပ်ပွါးတော်တွေထဲမှာလဲ မြင်နိုင်တယ်။ ဥပမာ ပြောရယင်၊ ကျောက်လိုဏ်ဂူကြီး ၃-၄-၅-ခုထဲမှာ ဗုဒ္ဓ ၂-ဆူ မျက်နှာချင်းဆိုင် ထိုင်တဲ့ ပြုထားတဲ့ ရုပ်ပုံတွေ စတာတွေ ရှိတယ်။ ဗုဒ္ဓက ဗုဒ္ဓ ဖြစ်သေးတယ်၊ ဘာသာရေးက မကောင်းဆိုးဝါး ပြောင်းလဲတာ ဖြစ်ပါဘဲ။ ဘာသာရေး ဟာ နတ် ဗုဒ္ဓကို ကိုယ်စား မပြု နိုင်ဘူး၊ လူရဲ့ စိတ် မကောင်းလို့ ဘာသာရေးကို တမျိုးတဖုံ ပြောင်းလဲလာတာ ဖြစ်တယ်။ အဲဒါတွေ မှန်သမျှက ဗုဒ္ဓတရားဟာ ထာဝစဉ် ဖြစ်တာ ဖြစ်တယ်လို့ ပြဆိုတယ်။ ဗုဒ္ဓတရားဟာ အာကာသရဲ့ ဝိသေသ ဖြစ်တယ်၊ ကြီးမြတ်တဲ့ ဗုဒ္ဓတရားက ဗုဒ္ဓကို ဖြစ်လာစေတာ ဖြစ်တယ်၊ သကျမုနိဘုရားက ဗုဒ္ဓ တရားကို ဖြစ်လာစေတာ မဟုတ်ဘူး၊ သကျမုနိဘုရားက ဗုဒ္ဓတရားကို ရိပ်စားမိပြီး၊ မိမိရဲ့ အသီးနေရာကို သက်သေပြု ရိပ်စားမိတာ ဖြစ်ပါတယ်။

ကျွန်တော်က ဆက်ပြီးတော့ ဒီအကြိမ်ခေတ်မှာ လူသားရဲ့ ယဉ်ကျေးမှုကနေ ပြောမယ်။ ခင်ဗျားတို့ သိကြလား၊ တာအိုက နတ်ရဲ့ တမျိုး ဖြစ်တယ်၊ ဗုဒ္ဓကလဲ နတ်ရဲ့ တမျိုး ဖြစ်တယ်၊ ဗုဒ္ဓကလဲ နတ်ရဲ့ တမျိုး ဖြစ်တယ်၊ ယေဟောဝါနဲ့ ယေရှုနဲ့ မယ်တော်မာရီလဲ နတ်ရဲ့ တမျိုး ဖြစ်တယ်၊ တရားအားထုတ်ကျင့်တဲ့ ရည်မှန်းချက်နဲ့ သက်သေပြု ရိပ်စားမိတဲ့ အာကာသ မဟာ တရား အပေါ် အသိအမြင် မတူလို့ ရရှိတဲ့ အသီးနေရာနဲ့ အပြင်သဏ္ဍာန်ရဲ့ မတူတာ ဖြစ်တယ်။ ကြီးမားတဲ့ နေလကြယ် နက္ခစုဟာ ဗုဒ္ဓတရားက ဖြစ်စေတာ ဖြစ်တယ်၊ အဲဒီ ဗုဒ္ဓ၊ တာအို၊ နတ်တွေ ဖြစ်စေတာ မဟုတ်ဘူး။ ဒါဟာ လူက သိနိုင်တာ ဖြစ်တယ်၊ လူမသိတာ ဘယ်လောက် ရှိသလဲလို့ မသိ သေးဘူးလေ။ သကျမုနိဘုရားက ရှုးလိုင်ဘုရားသာ ဂင်္ဂါမြစ်မှာ သဲလို များတယ်လို့ ပြောတယ် မဟုတ်ဘူးလား၊ အဲဒီ ဗုဒ္ဓတွေ ပြောပြတဲ့ တရားဟာ သကျမုနိဘုရား ပြောတာနဲ့ တူနိုင်ပါ့သလား။ သူတို့က လူလောကကို လာပြီး တရား သင်ပေးယင်၊ သကျမုနိဘုရား ယခင်က ပြောတာနဲ့ စာလုံး တလုံးမှ မကွာဘဲ တူညီ နိုင်ပါ့သလား။ ဟိုနှစ်များက သကျမုနိဘုရား ရှေ့က တရားကို လာသင်ပေးတဲ့ ဘုရား ၇-ဆူ ပြောတာဟာ သကျမုနိ ပြောတဲ့ တရားနဲ့ တူနိုင်ပါ့သလား။ ဒါနဲ့၊ ဗုဒ္ဓဘာသာမှာ ပြောတဲ့ အနာဂတ်ဘုရား မေတ္တေယျဘုရားက လောကကို လာပြီး တရားကို ပြောယင်၊ သကျမုနိရဲ့ စကားကို ထပ်လောင်း ပြောနိုင်ပါ့မလား။ ကျွန်တော်က မျက်မှောက် ဗုဒ္ဓဘာသာ ဒီလိုပုံ ပြောင်းလဲလာပြီကို မြင်တော့ စိတ်ထဲမှာ တော်တော် ဝမ်းနည်းတယ်၊ ဘာသာရေး ကိုယ်၌ပင် အပေါ် မိုက်မဲစွာ အယူသန်တယ်၊ တကယ် တရားအားထုတ်တာ မဟုတ်ဘူး။ ကြောင်သူတော်၊ ဘာသာရေး ဂျပိုး တေလေတွေ တရား အားထုတ်ကျင့်တဲ့ နေရာများနဲ့ ၏၏၏တောထွက်သူတွေကို ပြင်းထန်စွာ ပျက်ပြား စေနေတယ်။ ပြောရတာ အံ့ဩစရာ မဟုတ်ဘူး၊ စင်စစ်အားဖြင့် သကျမုနိဘုရားက စောစော ကတည်းကပင် တရားဆုံးခေတ်ရဲ့ အနေအထားကို ပြောခဲ့ဖူးတယ်။ ခုခေတ် ဗုဒ္ဓဘာသာဟာ အနှောင်းပိုင်းက ဗြဟ္မဏဘာသာနဲ့ ကွာတာ ဘယ်လောက် ရှိသေးသလဲ။

အခု ကျွန်တော်က နောက်ထပ်တခါ လောကကို လာပြီး တရားကို သင်ပေးတယ်၊ တိုက်ရိုက် အာကာသရဲ့ အရင်းခံ မဟာတရားကို သင်ပေးတာလဲ ဖြစ်တယ်။ တချို့လူက အသိအမှတ် မပြုရဲဘူး၊ တရား အားထုတ်ကျင့်လို့ကြောင့် မဟုတ်ဘဲ၊ ဘာသာရေး ကိုယ်ဉ္စပင်ကို ထိန်းသိမ်းဘို့နဲ့ သာမန်လူရဲ့ သံယောဇဉ်က အစွမ်း ဖြစ်ထွန်း နေတာ ကြောင့် ဖြစ်တယ်၊ သူတို့က ဘာသာရေးဟာ ဗုဒ္ဓလိုဘဲလို့ ထင်မှတ်တယ်။ နောက် တချို့လူက ဗုဒ္ဓဘာသာမှာ ဂုဏ်သိက္ခာ ဂယက်ရိုက်ခတ်မှု ခံလို့ကြောင့်၊ သာမန်လူရဲ့ စိတ် လှုပ်ရှားတော့ ထလာပြီး ဆန့်ကျင်တယ်၊ အဲဒီ စွဲကွဲခြင်း ငယ်သေးသလား။ ဟိုတခြား ရည်ရွယ်ချက် ရှိတဲ့ လူတွေ ဆိုတော့၊ ဗုဒ္ဓတရားနဲ့ ဗုဒ္ဓကိုတောင် ဆဲရဲတာ ဖြစ်တယ်၊ စောစောကဘဲ ငရဲပြည်ရဲ့ လိပ်ပြာ ဖြစ်နေပြီး၊ ပုလ္လိင်လောကမှာ အသက် မရောက်သေးတာသာ ဖြစ်တယ်။ သူတို့ဟာ တလျှောက်လုံး မိမိကို သာသာရေးရဲ့ ပညာရှင် ရယ်လို့ ထားတယ်၊ ဒါပေမယ့် ဗုဒ္ဓတရား အပေါ် သူတို့ တကယ် သိတာ ဘယ်လောက် ရှိသလဲ။ များသောအားဖြင့် သူတွေက ဗုဒ္ဓကို ပြောမိ လိုက်တာနဲ့၊ သတို့က ဗုဒ္ဓဘာသာကို ဆက်စပ် တွေးတောတယ်၊ ဗုဒ္ဓပိုင်းကို ပြောမိ လိုက်တာနဲ့၊ သူတို့က ပြောမိတာဟာ သူတို့ အိမ်က ဗုဒ္ဓဘာသာ ဖြစ်ပြီ ဖြစ်တယ်လို့ ခံစား တော့တယ်။ လူတွေက ဗုဒ္ဓတရားကို ပြောမိ လိုက်တာနဲ့၊ သူတို့က သူသိတဲ့ ဟိုဥစ္စာတွေ ဖြစ်တယ်လို့ ထင်မှတ် တော့တယ်။ တကမ္ဘာလုံးမှာ ကြာရှည် တောင်နက် ထဲမှာ တရားအားထုတ်ကျင့်တဲ့လူ တော်တော်များများ ရှိတယ်၊ သူတို့ တော်တော် များများလဲ မတူတဲ့ ဗုဒ္ဓပိုင်း တရား အားထုတ်ကျင့်တဲ့ နည်းလမ်း အတိုင်း တ္ဝား အားထုတ် နေတာ ဖြစ်တယ်၊ အနှစ် ထောင်ပေါင်း ရာပေါင်း များစွာမှာ၊ အမြဲဘဲ ဆက်ဆံ နေပါတယ်၊ သကျမုနိဘာသာနဲ့ ဘာဆက်ဆံမှုမှ မရှိဘူး။ အဲဒီ ဝေါဟာရ သဘော အဓိပ္ပါယ်ကိုတောင် ရှင်းအောင် မခွဲခြားနိုင်တဲ့ သာသာရေး ဂျပိုးတွေ၊ ဖှာလွင်းတာ့ဖှာ ကို ဝေဖန် ပြစ်တင်ဘို့ ဘယ် အရည်အချင်း ရှိသလဲ။ ဟိုနှစ်များက ယေရှုရဲ့ ပေါ်ထွက် ခြင်းဟာ ဂျူးဘာသဝို ထိပြီး ဒေါထစေတယ်၊ အနှစ် ၂–ထောင် ၅–ရာ ကတည်းက သကျမုနိရဲ့ ပေါ်ထွက်ခြင်းဟာ ဗြဟ္မဏဘာသာကို ထိလိုက်တယ်။ သမိုင်း ပေါ်မှာ အမှန်ဘက် သင်ခဏ်းစာဟာ လူတွေ အဖို့ ထာဝစဉ် သင်ခဏ်းစာ အဖြစ် မမှတ်ယူ နိုင်သလိုဘဲ၊ ပြောင်းပြန်ပြီး လူဟာ အမြဲပင် မိမိရဲ့ အကျိုးစီးပွါးအတွက် မှားဘက် သင်ခန်းစာကို အဖြစ် မှတ်ယူတယ်။ အာကာသမှာ ဖြစ်လာတာ၊ နေတာ၊ ပျက်ပြားတာ ဖြစ်တဲ့ ဥပဒေသ ရှိတယ်၊ ရှိသမျှ အားလုံး ရေရှည် မပြောင်းလဲဘဲ နေမှာ မဟုတ်ဘူး၊ မတူတဲ့ ခေတ်ကာလမှာ အားလုံး ဗုဒ္ဓက လောကကို ဆင်းပြီး လူကို ကယ်ချွတ်တာ ရှိတယ်၊ သမိုင်းဟာ ဒီလိုဘဲ ဖွံ့ဖြိုးနေတာ ဖြစ်တယ်၊ အနာဂတ်မှာ လူသားဟာ အလားတူ ဗုဒ္ဓတရားကို ကြားမယ်။

လီဟုန်းကြည့်

၁၉၉၈.၁၂.၁၇